ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

နေပြည်တော်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

(Environmental Compliance Certificate–ECC)

# ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

# ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း

# ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် (1A, 1B, 1C, 1D)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ အီးစီစီ-သတ္တု ( ၁၃ /၂၀၁၉)
ရက်စွဲ ။ ၂၀၁၉ ခုနှစ် ဇွန်လ ၁၁ ရက်

**စီမံကိန်းအကြောင်းအရာ**

| | |
|---|---|
| စီမံကိန်းအမည် | ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် |
| လက်ရှိစီမံကိန်း/ စီမံကိန်းအသစ် | ပတ္တမြားနဂါးကုမ္ပဏီသည် မူလစာချုပ်သက်တမ်း(၃)နှစ်အား (၂-၇-၂၀၁၁)အထိ လုပ်ကိုင်ဆောင်ရွက်ပြီးနောက် ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ စာချုပ်သက်တမ်းတိုးခြင်းကို(၃-၇-၂၀၁၁)မှ(၂-၇-၂၀၁၅)အထိ တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ လုပ်ကွက် အဟောင်းလိုင်စင်သစ်အဖြစ် ပြန်လည်လျှောက်ထားသည့် လက်ရှိစီမံကိန်းဖြစ်ပါသည်။ |
| စီမံကိန်းတည်နေရာ (လိပ်စာ) | ကျောက်ပါးစပ်ကျေးရွာ-တောင်ကုန်းဒေသ၊ တောင်ကုန်းကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| စီမံကိန်း၏ UTM Map အမှတ်များ | 1A: A 494831, B 499831, C 499829, D 494829<br>1B: A 494828, B 499828, C 499826, D 494826<br>1C: A 494826, B 499826, C 499824, D 494824<br>1D: A 494823, B 499824, C 502821, D 501820 |
| စီမံကိန်းအကြောင်းအရာအကျဉ်း | ပတ္တမြားနဂါးကုမ္ပဏီ၏ ကျောက်ပါးစပ် (1A, 1B, 1C, 1D) လုပ်ကွက်များသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ တောင်ကုန်းဒေသ (ကျောက်ပါးစပ်) တွင် တည်ရှိပါကြောင်း၊ မူလစာချုပ် သက်တမ်း (၃)နှစ်၊ သက်တမ်းတိုး (၄)နှစ်၊ စုစုပေါင်း (၇)နှစ် လုပ်ကိုင်ခဲ့ပြီး ယခုအခါ လုပ်ကွက်အဟောင်း လိုင်စင် အသစ်အနေဖြင့် ထပ်မံလျှောက်ထားခြင်း ဖြစ်ကြောင်း၊ ရွှေသတ္တုလုပ်ကွက်များသည် ဇရီယာတစ်စပ်တည်းရှိ၍ မြေအောက်တူးဖော် |

UTM table:

| 1A | 1B | 1C | 1D |
|---|---|---|---|
| A 494831 | A 494828 | A 494826 | A 494823 |
| B 499831 | B 499828 | B 499826 | B 499824 |
| C 499829 | C 499826 | C 499824 | C 502821 |
| D 494829 | D 494826 | D 494824 | D 501820 |

| | |
|---|---|
| | နည်းစနစ် (Underground Mining Method) ဖြင့် တူးဖော်ပြီး ဆိုင်ယာနိုက်အသုံးပြု၍ ရွှေသတ္တုသန့်စင်မည့် စီမံကိန်းဖြစ်ပါသည်။ |
| ECC လွှမ်းခြုံမှု | (၂၀)ဧကစီရှိသော တစ်စပ်တည်း တည်ရှိသည့်လုပ်ကွက် (၄)ကွက်၊ စုစုပေါင်း (၈၀) ဧကတွင် (Underground Mining Method) ဖြင့် တူးဖော်ပြီး ဆိုင်ယာနိုက်အသုံး ပြု၍ ရွှေသတ္တုသန့်စင်မည့် လုပ်ငန်းဆောင်ရွက်ရန်၊ |

<u>စည်းကမ်းချက်များ</u>

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ၊ အပိုင်း (၁) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား အပိုင်း (၂) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC) ကို ထုတ်ပေးလိုက်သည်။

ဤသက်သေခံလက်မှတ်တွင် ပူးတွဲဖော်ပြထားသော စည်းကမ်းချက်များကို အောက်ပါတို့အတွက် သတ်မှတ်ထားခြင်းဖြစ်သည် -

၁။ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်။

၂။ စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို အတည်ပြုရန်။

၃။ လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေး တိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်။

၄။ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်။

၅။ စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအစီအစဉ် တစ်ရပ်ကို ဆောင်ရွက်ရန်။

(လှမောင်သိန်း)
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate – ECC)

## အပိုင်း (၁)

<u>စီမံကိန်းအကြောင်းရှင်းလင်းဖော်ပြချက်</u>

၁။ ပတ္တမြားနဂါးကုမ္ပဏီမှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ တောင်ကုန်း ဒေသ (ကျောက်ပါးစပ်) တွင် (၂၀) ကေစီရှိ ရွှေသတ္တုအသေးစားလုပ်ကွက် (၄) ကွက် (1A, 1B, 1C, 1D) စုစုပေါင်း (၈၀) ကေ ကို ၂၀၀၈ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ကွက် (၄) ကွက် အနေဖြင့်ဧရိယာတစ်စပ်တည်းရှိကြောင်း၊ သက်တမ်းကုန်၍ အသစ်ပြန်လည်လျှောက်ထားသည့် လုပ်ကွက် (၄) ကွက်အတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) (၁) စောင်ကို အောက်ပါအတိုင်းတင်ပြခဲ့ပါသည်–

(က) အမှတ် (၂)သတ္တုတွင်းလုပ်ငန်းမှ တဆင့် ၅–၁၀–၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၁၇၁၂/ ရွှေဖက်စပ် (ပတ္တမြားနဂါး–IEE/ EMP) / ၁၆–၁၇ ဖြင့်လည်းကောင်း၊၂၆–၄–၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၉၉၈/ ရွှေဖက်စပ် (ပတ္တမြားနဂါး– EMP)/ ၁၇/၁၈ ဖြင့် လည်းကောင်းပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့တင်ပြခဲ့ပါသည်။

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လိုအပ်ချက်များပြင်ဆင်ပြီး ပြန်လည် တင်ပြရန် ၁၄–၃–၂၀၁၈ ရက်စွဲပါစာအမှတ်၊ အီးအိုင်အေ–၂/၉ (၂၉၅/ ၂၀၁၈) ဖြင့် သဘောထားပြန်ကြားခဲ့ပါသည်။

(ဂ) သဘောထားပြန်ကြားစာအရ ပြင်ဆင်ဖြည့်စွက်၍ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း မှတစ်ဆင့် ၁၆–၅–၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၉၂၁/ ရွှေဖက်စပ် (ပတ္တမြားနဂါး– EMP)/၂၀၁၈ ဖြင့် ဒုတိယအကြိမ်တင်ပြလာခြင်းဖြစ်ပါသည်။

(ဃ) ဒုတိယအကြိမ်တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၁၀–၉–၂၀၁၈ ရက်စွဲပါစာအမှတ်၊ အီးအိုင်အေ–၂/သတ္တု (၁၂၃၄/၂၀၁၈) ဖြင့် အတည်ပြုနိုင်ပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့တင်ပြခဲ့ပါသည်။

(င) ပြည်ထောင်စုဝန်ကြီးရုံး၏ ၁၇–၉–၂၀၁၈ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၃(၂)/ ၁၆(ဃ) (၃၅၄၅/ ၂၀၁၈) ဖြင့် အတည်ပြုကြောင်းစာထုတ်ပြန်ခဲ့ပါသည်။

<u>စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်</u>

၂။ အကြိုတည်ဆောက်ခြင်းကာလတွင် တူးဖော်လုပ်ကိုင်ခွင့်ရ လုပ်ကွက်များအား မြေတိုင်း တာခြင်း၊ နယ်နိမိတ်ထောင့်တိုင်များ စိုက်ထူခြင်း၊ မြေပုံရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါ ကြောင်း၊ အကြိုတည်ဆောက်ခြင်းကာလတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ကြီးကြီးမားမား မရှိခဲ့ကြောင်း၊ အကြိုတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် (၆)လခန့် ကြာမြင့်ခဲ့ပါ ကြောင်း၊ တည်ဆောက်ခြင်းကာလတွင် လုပ်ကွက်အတွင်းဝင်ရောက်နိုင်မည့်လမ်းများ ဖောက် လုပ်ခြင်း၊ မြေရှင်းလင်းခြင်း၊ အဆောက်အဦများဆောက်ခြင်း၊ ဝန်ထမ်း/ လုပ်သားများ စုဆောင်း ခြင်း၊ စက်/ယန္တရားများ စုဆောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ တည်ဆောက်ခြင်း

ကာလတွင်ထိခိုက်မှုများအနည်းငယ်ရှိခဲ့ပါကြောင်း၊ အချိန်(၁)နှစ် ကျော်ကြာမြင့်ခဲ့ကြောင်း ဖော်ပြထားပါသည်။

၃။ လုပ်ငန်းလည်ပတ်ခြင်းကာလတွင် လုပ်ကွက်အတွင်း သစ်တော သစ်ပင်များကင်းလွတ်သောနေရာမှ တောင်ဘက်သို့ ဦးတည်၍ အစောင်း (၁၀)ဒီဂရီဖြင့် အပေါ်ယံမြေစာ (ပင်မခေါင်းစား-Adit) အား မြေအောက်ခဲသားထုအတွင်းသို့ တူးဖော်ဝင်ရောက်မည်ဖြစ်ကြောင်း၊ ကျောက်ဖောက်စက်အသုံးပြု၍ (၁၂) ပေပတ်လည် Adit စတင် ဖောက်လုပ်မည်ဖြစ်ကြောင်း၊ စိုက်ကျင်း (၂) ကျင်း၊ ကျင်းခေါင်းစား(၇)ကျင်း၊ လွန်ကျင်း(၂)ကျင်း တူးဖော်မည်ဖြစ်ကြောင်း၊ Adit စတင် တူးဖော်ဝင်ရောက်သည့်နေရာသို့ လမ်းကြောင်းဖောက်ခြင်း၊ အောက်ခံမြေမှန် (သို့မဟုတ်) ခဲသားပေါ်လာစေရန် အပေါ်ယံမြေသားများရှင်းလင်းခြင်း၊ တောင်စောင်းနံရံဖော်ခြင်း၊ တူးဖော်ဝင်ရောက်မည့် နေရာသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မွှေကန်အတွင်း ရွှေသတ္တုဖျော်ရည်နှင့် ဆိုင်ယာနိုက်ဓာတုဓါတ်ပြုမှုဖြစ်၍ ဆိုဒီယမ်အော်ရိုဆိုင်ယာနိုက် ဓါတ်ပေါင်းရွှေပျော်ရည်ရရှိမည်ဖြစ်ကြောင်း၊ ဓါတ်ပြုဖြစ်စဉ်ပြီးဆုံး၍ ရွှေပျော်ရည်များအား ဓါတ်ကြွကာဗွန်ဖြင့်ဖမ်းယူမည်ဖြစ်ကြောင်း၊ ရွှေဆောင်ကာဗွန်များထုတ်ယူပြီး ကျန်ရှိဆိုင်ယာနိုက်ပျော်ရည်များအားတဆင့်စုကန်များဖြင့် ထိန်းသိမ်းမည်ဖြစ်ကြောင်းနှင့် ပြန်လည်အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ ရွှေသတ္တုထုတ်လုပ်မှုဖြစ်စဉ်တွင် ဆိုင်ယာနိုက်ပြင်းအား ၀.၀၅% ဖြင့်သာ အသုံးပြုမည်ဖြစ်ကြောင်း၊ ဓါတ်ပြုဖြစ်စဉ်ပြီးဆုံးချိန်တွင် ဆိုင်ယာနိုက်ပြင်းအား ၀.၀၂% သာ ကျန်ရှိမည်ဖြစ်ကြောင်း၊ ကန်စွန့်ထုတ်ချိန်တွင် အောက်ထိုင်အနယ်များ ရေဆေးဆောင်ရွက်ခြင်းဖြင့် ရေနှင့်ထပ်မံရောနှောပြီး ဆိုင်ယာနိုက်ပြင်အား (၀.၀၀၈%) သာရှိမည်ဖြစ်ကြောင်း၊ အနည်ထိုင်ကန်မှတစ်ဆင့် စွန့်ပစ်စုကန်သို့ ပို့ရာတွင် ရေထပ်မံဖြည့်စွက် စေလွှတ်၍ ဆိုင်ယာနိုက်ပါဝင်မှုပြင်းအား (၀.၀၀၂%) ခန့် ရှိမည်ဖြစ်ကြောင်းဖော်ပြထားပါသည်။


<u>အခြေခံအဆောက်အအုံနှင့် ကုန်ကြမ်းပစ္စည်းများ</u>

| | | |
|---|---|---|
| အသုံးပြု အခြေခံအဆောက်အအုံ- | တာဝန်ခံဆောင် | (၁)လုံး |
| | စာရင်းရုံး | (၁)လုံး |
| | ဝန်ထမ်းလုပ်သားဆောင် | (၃)လုံး |
| | စားဖိုဆောင် | (၃)လုံး |
| | စက်မှုဆောင် | (၁)လုံး |
| | မီးစက်ကြီးဆောင် | (၁)လုံး |
| | ရေလှောင်ကန် | (၁)လုံး |
| | ရေချိုးဆောင် | (၁)လုံး |
| | ကုန်ကြမ်းသိုလှောင်ရုံ | (၁)လုံး |
| | သန့်စင်ခန်း(၂)ခန်းတွဲ | (၃)လုံး |

အသုံးပြုကုန်ကြမ်း-   ဆိုဒီယမ်ဆိုင်ယာနိုက်၊ ကာဗွန်၊ တူးဖော်ရေးလုပ်ငန်းသုံး စက်ပစ္စည်းများ နှင့် အပိုပစ္စည်းများ၊ လောင်စာဆီ

<u>စီမံကိန်းတည်နေရာ</u>


| ကျောက်ပါးစပ်-1A | ကျောက်ပါးစပ်-1B | ကျောက်ပါးစပ်-1C | ကျောက်ပါးစပ်-1D |
|---|---|---|---|
| A 494831 | A 494828 | A 494826 | A 494823 |
| B 499831 | B 499828 | B 499826 | B 499824 |
| C 499829 | C 499826 | C 499824 | C 502821 |
| D 494829 | D 494826 | D 494824 | D 501820 |





မြေပုံညွှန်း

| ကျောက်ပါးစပ် - 1A | ကျောက်ပါးစပ် - 1B | ကျောက်ပါးစပ် - 1C | ကျောက်ပါးစပ် - 1D |
|---|---|---|---|
| A 494831 | A 494828 | A 494826 | A 496823 |
| B 499831 | B 499828 | B 499826 | B 499824 |
| C 499829 | C 499826 | C 499824 | C 502821 |
| D 494829 | D 494826 | D 494824 | D 501820 |

## လုပ်ကွက်တည်နေရာပြမြေပုံ




## လုပ်ကွက်နှင့်အဆောက်အဦပြမြေပုံ



အပိုင်း (၂)

(က) အထွေထွေစည်းကမ်းချက်များ

(ခ) ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းဆိုင်ရာ စည်းကမ်းချက်များ

(ဂ) ပတ်ဝန်းကျင်နှင့်လူမှုရေး စီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းချက်များ

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ စည်းကမ်းချက်များ

(င) ကတိကဝတ်များ

(စ) အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ

(ဆ) စီမံကိန်းပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးနောက်အဆင့်များအတွက် စည်းကမ်းချက်များ

---

(က) အထွေထွေစည်းကမ်းချက်များ

က(၁) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)၏ အပိုဒ် (၁၀၂) အရ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံကိန်းဆောင်ရွက်သူကိုယ်တိုင်ဖြစ်စေ၊ စီမံကိန်းကိုယ်စားလုပ်ငန်းဆောင်ရွက်သော သို့မဟုတ် စီမံကိန်းအဆိုပြုသူမှခန့်အပ်၊ ငှားရမ်း၊ လုပ်ပိုင်ခွင့်ပေးအပ်ထားသော ကန်ထရိုက်တာများ၊ လက်ခွဲ ကန်ထရိုက်တာများ၊ အရာရှိများ၊ (လုပ်သား) ဝန်ထမ်းများ၊ ကိုယ်စားလှယ်များ၊ ကိုယ်စားပြုသူများနှင့် အကြံပေးပုဂ္ဂိုလ်များကဖြစ်စေ ပြုလုပ်သော သို့မဟုတ် ပျက်ကွက်သောလုပ်ငန်းများ အားလုံးအတွက် လည်းကောင်း၊ ဆိုးကျိုးထိခိုက်မှု အားလုံးအတွက် လည်းကောင်း စီမံကိန်း အဆိုပြုသူမှ ဥပဒေကြောင်းနှင့် ငွေရေးကြေးရေးအရ အပြည့်အဝတာဝန်ယူရမည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဆိုင်ရာစည်းကမ်းချက်များအားလုံးကို အပြည့်အဝ အကောင်အထည်ဖော်ရမည်ဖြစ်ပြီး၊ ကန်ထရိုက်တာများနှင့် လက်ခွဲကန်ထရိုက်တာများ အားလုံးကိုလည်း သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စံချိန်စံညွှန်းများ၊ နည်းလမ်းများနှင့် အခြားသတ်မှတ်ချက်များအားလုံးကို အပြည့်အဝလိုက်နာဆောင်ရွက်စေရန် တာဝန်ရှိသည်။

က(၂) စီမံကိန်းအဆိုပြုသူသည် အောက်ပါစာရွက်စာတမ်းများအပါအဝင် ဝန်ကြီးဌာနသို့ တင်ပြထားသော စာရွက်စာတမ်း၊ အစီရင်ခံစာများနှင့်အညီ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရမည် -

(၁) ၁၆-၅-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ဗျာ၁/ ရွှေဖက်စပ် (ပတ္တမြားနဂါး- EMP)/၂၀၁၈ ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) နောက်ဆက်တွဲပါ ထိခိုက်နိုင်မှုများနှင့် လျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဉ်များဇယားနှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်ဇယားပါ အချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၉၅/

(၂) ဝန်ကြီးဌာနသို့တင်သွင်းခဲ့သည် ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအစီအစဉ် (EMP) နှင့် အစီအစဉ်ခွဲများကို လိုက်နာဆောင်ရွက်ရမည်။

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(၄) ဝန်ကြီးဌာနသို့တင်သွင်းခဲ့သည် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်များကို လိုက်နာဆောင်ရွက်ရမည်။

(၅) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်၊ အပိုင်း ၂ (င) ပါကတိကဝတ်များကို လိုက်နာဆောင်ရွက် ရမည်။

က(၃) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရန်၊ ဝန်ကြီးဌာနသည် စီမံကိန်းအဆိုပြုသူနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် လိုအပ်ပါက ဤ ECC သက်သေခံလက်မှတ်ကို မွမ်းမံ ပြင်ဆင်မည်။

က(၄) စီမံကိန်းအဆိုပြုသူသည် အောက်ဖော်ပြပါပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲရေး အစီအစဉ်ကိုလည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစောင့်ကြပ်ကြည့်ရှုရေးအစီအစဉ် များကိုလည်းကောင်း အကောင်အထည်ဖော်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ နောက်ဆက်တွဲ (င)၊ စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်ဇယားတွင် ဖော်ပြထားသည့်အတိုင်း လေထုညစ်ညမ်းမှုနှင့် ပတ်သက်၍ ဆာလဖာဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင်အောက်ဆိုဒ်နှင့် ခဲဆိပ်ပျံ့လွင့်မှုတို့ကို (၁)ပတ်တစ်ကြိမ် (၈)နာရီ၊ (၁)ပတ်တစ်ကြိမ် (၂၄)နာရီ စောင့်ကြပ်ကြည့်ရှုရမည်။

(၂) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ နောက်ဆက်တွဲ (င)၊ စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်ဇယားတွင်ဖော်ပြထားသည့်အတိုင်း ဆူညံသံနှင့်ပတ်သက်၍ ဆူညံမှုနှုန်းနှင့် တုန်ခါမှုနှုန်း(ပြင်းအား) တို့ကိုစောင့်ကြပ်ကြည့်ရှုရမည်။

(၃) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ နောက်ဆက်တွဲ (င)၊ စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်ဇယားတွင် ဖော်ပြထားသည့်အတိုင်း ရေအရည်အသွေးနှင့်ပတ်သက်၍ pH၊ Temperature၊ turbitidy၊ magnesium၊ total alkalinity၊ chloride၊ sulphite၊ nitrate၊ fluoride၊ sodium၊ potassium၊ ဓါတ်သတ္တုပါဝင်မှု၊ နိုက်ထရိုဂျင် ဖော့စဖောရပ်၊ DO, BOD, COD ပိုးမွှားပါဝင်မှုတို့ကို တစ်နှစ် လျှင် (၂)ကြိမ်၊ ရေနမူနာစမ်းသပ်စစ်ဆေးခြင်း၊ ဓါတ်ခွဲခန်းသို့ပို့ဆောင် စစ်ဆေး ခြင်းများ ဆောင်ရွက်ရမည်။

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ နောက်ဆက်တွဲ (င)၊ စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်ဇယားတွင် ဖော်ပြထားသည့်အတိုင်း မြေထုအရည်အသွေးနှင့် ပတ်သက် ၍ ပါဝင်ဖွဲ့စည်းမှု၊ သိပ်သည်းမှု၊ pH၊ စိမ့်ဝင်နိုင်မှု၊ ရေထိန်းသိမ်းနိုင်မှုတို့ကို မိုးရာသီအတွင်းအနီးဆုံးကျေးရွာတွင်မြေနမူနာတိုင်းတာစစ်ဆေးသည့် ဓါတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးခြင်းများ ဆောင်ရွက်ရမည်။

က(၅) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများအတွက် ပြင်ဆင်သော တင်ဒါစာရွက်စာတမ်းများ၊ ကန်ထရိုက်စာချုပ်များအားလုံးတွင် ကန်ထရိုက်တာများက အောက်ပါတို့ကိုလိုက်နာဆောင်ရွက်ရမည်ဟူသော ပြဋ္ဌာန်းချက်များထည့်သွင်းရမည် -

(၁) စီမံကိန်း၏ EMP တွင် သတ်မှတ်ဖော်ပြထားသော ကန်ထရိုက်တာနှင့်သက်ဆိုင်သည့် စည်းကမ်းချက်များ၊ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေးအစီရင်ခံစာတွင် သတ်မှတ်ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလိုက်နာဆောင်ရွက်ရမည်။

(၂) ထိုသို့သော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိန်းသိမ်းရေးနည်းလမ်းများအားလုံးအတွက် အသုံးစရိတ်ရန်ပုံငွေထားရှိဆောင်ရွက်ရမည်။

(၃) စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်စဉ်အတွင်း EMP တွင် ထည့်သွင်းစဉ်းစားထားခြင်းမရှိသော မမျှော်မှန်းထားသည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာအန္တရာယ်ဖြစ်နိုင်ခြေ တစ်ခုခုဖြစ်ပေါ်လာပါက စီမံကိန်းအဆိုပြုသူမှသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ စာဖြင့်ရေးသား အကြောင်းကြားရမည်။

က(၆) စီမံကိန်းအဆိုပြုသူသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ရန်ပုံငွေနှင့် လူ့စွမ်းအားအရင်းမြစ်များအားလုံးကို ထောက်ပံ့ပေးရမည် -

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အခန်း(၁၀) ပါ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးကော်မတီအဖွဲ့ဝင်များဖြင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအတွက်လျာထားသည့်ရန်ပုံငွေနှင့် လုံလောက်မှုမရှိပါက ထပ်မံထည့်သွင်းသုံးစွဲဆောင်ရွက်ရမည်။

(၂) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အခန်း(၁၁) ပါ ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရန်ပုံငွေတစ်ရပ်ထူထောင်ရန်နှင့် လုံလောက်မှုမရှိ ပါကထပ်မံထည့်သွင်းဆောင်ရွက်ရမည်။

(၃) ECC အပိုင်း- ၂ (င) ပါ ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်သည့် ရန်ပုံငွေနှင့် လူ့စွမ်းအားအရင်းမြစ်များအားလုံးကို ထောက်ပံ့ပေးရမည် ။

က(၇) စီမံကိန်းအဆိုပြုသူသည် ECC သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရာမှရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ခါတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ (ကာလအပိုင်းအခြားအလိုက်နှင့် စဉ်ဆက်မပြတ်) ကိရိယာဖြင့် တိုင်းတာ ချက်များ ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်း

ကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုး ညီညွတ်စွာဖြင့်အသုံးချနိုင်ရမည်။ ပြင်ဆင်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည် ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့်ပြင်ဆင်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့်သီးခြား ရေးသားသဘောတူထားခြင်းမရှိပါက၊ မှတ်တမ်းများအားလုံးကိုမှတ်တမ်းပြုလုပ်သည့် နေ့ရက်မှ အနည်းဆုံး (၃) နှစ်ကာလအထိ ထိန်းသိမ်းထားရမည်။

က(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စီမံကိန်း၏ လိုက်နာဆောင်ရွက်မှုများကို စောင့်ကြပ်ကြည့်ရှုနိုင်ရန်အတွက် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့် နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆိုဝင်ရောက်ကြည့်ရှုရန် ခွင့်ပြုရမည်။

(၂) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာသတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော် လည်းကောင်း၊ ဝန်ကြီးဌာနကသတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်း လုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်ရန်ခွင့်ပြုရမည်။

(၃) ဤ ECC သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို မလိုက်နာမှု တစ်စုံ တစ်ရာတွေ့ရှိရပါက၊ ဝန်ကြီးဌာနသည်စီမံကိန်းအဆိုပြုသူအား ကုစားပြင်ဆင်ရေး နည်းလမ်းများ ဆောင်ရွက်စေရန်ဖြစ်စေ သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅) တွင် ဖော်ပြထားသော ဒဏ်ကြေးများပေးဆောင်စေရန် ဖြစ်စေ သို့မဟုတ် နှစ်မျိုးလုံးကိုဖြစ်စေ သတ်မှတ်နိုင်သည်။

က(၉) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာများကို (၆)လလျှင်တစ်ကြိမ် ဝန်ကြီးဌာနသို့ တင်ပြရမည့်အပြင် ထိုအစီရင်ခံစာများကို အများ ပြည်သူသို့ အလျှင်အမြန်ထုတ်ပြန်ရမည်။ အစီရင်ခံစာများတွင် ဤ ECC သက်သေခံ လက်မှတ်၏ အပိုင်း(ဃ) တွင် ဖော်ပြထားသော ပြဿနာများအားလုံးကို မခြွင်းမချန် ထည့်သွင်းဖော်ပြရမည်။

က(၁၀) စီမံကိန်းအဆိုပြုသူသည် ဤ ECC သက်သေခံလက်မှတ်နှင့်အညီ လိုက်နာတင်ပြသော အစီရင်ခံစာများအားလုံးကို ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် ဆောင်ရွက် ပေးရမည်။ထို့အပြင် စီမံကိန်းအဆိုပြုသူ၏ ဝက်ဘ်ဆိုဒ်တွင်ဖြစ်စေ သင့်လျော်ရာ နည်းလမ်းဖြင့် လွှင့်တင်ဖော်ပြထားရမည်။

က(၁၁) ဤ ECC သက်သေခံလက်မှတ်၏ အကျုံးဝင်သည့် သက်တမ်းမှာ (၅)နှစ် ဖြစ်သည်။ စီမံကိန်း အဆိုပြုသူသည် ဤ ECC သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆)လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

က(၁၂) ဝန်ကြီးဌာနသည် အောက်ပါအခြေအနေများတွင် ဤ ECC သက်သေခံလက်မှတ်ကို ချက်ချင်းရုပ်ဆိုင်းခွင့်ရှိသည် -

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍၊ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်မှုမရှိခြင်း၊

(၂) စီမံကိန်းအဆိုပြုသူသည် ဤ ECC သက်သေခံလက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းနှင့် ဝန်ကြီးဌာနကခွင့်ပြုထားသော အချိန်ကာလအတွင်း ကုစားဆောင်ရွက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်း။

က(၁၃) ဝန်ကြီးဌာနသည်အောက်ပါအချက်များ တွေ့ရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ပြင်ဆင်ခြင်း သို့မဟုတ် စီမံကိန်းအဆိုပြုသူအား ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး သုံးသပ်အတည်ပြုနိုင်ရန်ဝန်ကြီးဌာနသို့ ပြန်လည်တင်သွင်းစေခြင်းကို လည်းကောင်း ပြုနိုင်သည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကိုလျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှု မရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့်အတည်ပြုခြင်းများ အတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပါယ်ဖွင့်ဆိုချက်အရ နည်းစနစ်သစ်များသည် စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ဆောင်ရွက်မှုများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရန်မလိုအပ်ခြင်း။

က(၁၄) ဝန်ကြီးဌာနသည် စီမံကိန်းအဆိုပြုသူမှ ဤ ECC သက်သေခံလက်မှတ်ပါ စည်းကမ်းချက်တစ်ခုခုကို အပြည့်အဝဖြစ်စေ၊ တစိတ်တပိုင်းဖြစ်စေ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည်ဟုလည်းကောင်း၊ ဝန်ကြီးဌာနကသတ်မှတ်ပေးထားသည့် အချိန်အတွင်း မလိုက်နာမှုများကို ကုစားပြင်ဆင်ရန် ပျက်ကွက်သည်ဟုလည်းကောင်း ဆုံးဖြတ်ပါက သင့်လျော်သည့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုကို ဆိုင်းငံ့စေရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားမည်ဖြစ်သည်။ ထို့အပြင် ယင်းလိုက်နာရန် ပျက်ကွက်မှုအား စီမံကိန်းအဆိုပြုသူ၏ စရိတ်ဖြင့် သတ်မှတ်ချိန်အတွင်း ထိရောက်စွာပြင်ဆင်နိုင်သည်ဟု ယူဆရသည့် အရည်အချင်း ပြည့်မီသောမည်သည့်တတိယအဖွဲ့အစည်းနှင့်မဆိုပြင်ဆင်ဆောင်ရွက်စေမည်ဖြစ်သည်။

က(၁၅) ဤ ECC သက်သေခံလက်မှတ်သည် စီမံကိန်းအဆိုပြုသူအား ရန်ပုံငွေတစ်ရပ်ရပ်ကို အသုံးပြုခွင့် သို့မဟုတ် သုံးရန်အခွင့်အာဏာပေးခြင်းမဟုတ်သကဲ့သို့၊ စီးပွားရေးလုပ်ငန်းများတွင် ချိတ်ဆက်ပါဝင်ရန် ခွင့်ပြုမိန့်လည်းမဟုတ်ပါ။ ဤ ECC သက်သေခံလက်မှတ်ကြောင့် စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အဖွဲ့အစည်းများထံတွင် မှတ်ပုံတင်ရန်၊ လျှောက်ထားရယူရန်နှင့် ကိုင်ဆောင်ရန် သတ်မှတ်ထားသော အခြားလိုင်စင်များ၊ ခွင့်ပြုမိန့်များ၊ အတည်ပြုချက်များမှ ကင်းလွတ်ခွင့်ရရှိမည်မဟုတ်ပါ။ စီမံကိန်းသက်တမ်းတစ်လျှောက်လုံးတွင်လိုင်စင်များ၊ ခွင့်ပြုမိန့်များ၊ အတည်ပြုချက်များအားလုံးနှင့် အကျုံးဝင်ရေးဆောင်ရွက်ရန်မှာ စီမံကိန်းအဆိုပြုသူ၏ တာဝန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ထိုစာရွက်စာတမ်း အထောက်အထားများအားလုံးကိုတင်ပြရမည်။

က(၁၆) ဝန်ကြီးဌာနသည် စီမံကိန်းအဆိုပြုသူနှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်း လျှောက်ထားချက်အရ ECC သက်သေခံလက်မှတ် သို့မဟုတ် ယင်း၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူသို့ လွှဲပြောင်းပေးအပ်နိုင်သည်။

က(၁၇) စီမံကိန်းတည်ဆောက်နေစဉ်အတွင်း သို့မဟုတ် လုပ်ငန်းလည်ပတ်နေစဉ်အတွင်း ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းတစ်ခုခုကို ဖော်ထုတ် သို့မဟုတ် တွေ့ရှိရပါက၊ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများက ယင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်း၏ ယဉ်ကျေးမှုတန်ဖိုးကိုသတ်မှတ်၍ ထိန်းသိမ်း

စောင့်ရှောက်ရမည့် နည်းလမ်းကို ဆုံးဖြတ်ပြီးချိန်အထိ ထိုပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်ထားရန်အတွက် ဖြစ်နိုင်သမျှနည်းလမ်းအားလုံးကို ဆောင်ရွက်ရမည်။

က(၁၈) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေး လုပ်ငန်းကို ဤ ECC နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသို့ပေးပို့ရမည်။

က(၁၉) ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ၊ ပုဒ်မ(၃၀)နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတများအား အသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ အတည်ပြုချက်ဖြင့်သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်။

က(၂၀) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်တစ်ခုကို သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ (က) အရ နိုင်ငံတော်ပိုင်ဘဏ်တစ်ခုခုတွင် ရန်ပုံငွေ တစ်ရပ်ကို ထူထောင်ထားရှိရမည်။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်နှင့်လူမှုစီးပွား ထိခိုက်မှု သို့မဟုတ် ထိခိုက်ရန် အလားအလာရှိမှုများကို ကုစားပြန်ဆင်ရန် ချက်ချင်း ဆောင်ရွက်သည့် လုပ်ငန်းများတွင် ထိုငွေရေးကြေးရေးအာမခံချက်ကို အသုံးပြုနိုင်ရမည်။

က(၂၁) ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ အမျိုးသားအဆင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်တောင်းခံပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်။

(ခ) ပတ်ဝန်းကျင်အရည်အသွေး (စံချိန်စံညွှန်း)ဆိုင်ရာ စည်းကမ်းချက်များ

ခ(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်း၏ အဆင့်အားလုံးတွင် အောက်ပါပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများကို လိုက်နာဆောင်ရွက်ရမည် -

<u>ထုတ်လွှတ်မှုဆိုင်ရာ စံနှုန်းများ</u>

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ(၂၀၁၅)

<u>အနီးပတ်ဝန်းကျင်လေထုဆိုင်ရာ စံချိန်စံနှုန်းများ</u>

(၁) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ (၂၀၁၅)

(၂) Air Quality Guidelines. 2000. World Health Organization.

(၃) Report on Carcinogens. 2011. U.S. Department of Health and Human Services.

(၄) U.S. Department of Labor, Sulphuric Acid: Exposure Limits and Health Effects.

<u>အနီးပတ်ဝန်းကျင် ရေ၊ မြေဆီလွှာ၊ ဆူညံမှုနှင့် အနံ့ဆိုင်ရာ စံချိန်စံညွှန်းများ</u>

(၁) National drinking water quality standards. 2014. Ministry of Health, Myanmar.

(၂) Australian and New Zealand guidelines for fresh and marine water quality. 2000. Australian and New Zealand Environment Conservation Council.

(၃) Water Quality Guidelines for the Protection of Aquatic Life. 2016. Canadian Council of Ministers of the Environment.

(၄) Metal mining technical guidance for environmental effects monitoring. 2012. Environment Canada.

(၅) Noise Management, General EHS Guideline. 2007. International Finance Corporation.

(၆) Guidelines for Community Noise. 1999. World Health Organization.

ခ(၂) စီမံကိန်းအဆိုပြုသူသည် အထက် အပိုဒ် (ခ-၁) ပါ ပတ်ဝန်းကျင်အရည်အသွေးဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်နှင့် အကောင်းဆုံးရရှိနိုင်သော နည်းပညာများကိုအသုံးပြုရမည်။

ခ(၃) ဤ ECC အပိုင်း (ခ)ပါ ခ-၄ မှ ခ-၁၁ အထိ သတ်မှတ်ထားသည့် စီမံကိန်းနှင့်သက်ဆိုင်သော သီးသန့်စံချိန်စံညွှန်းများကို လိုက်နာဆောင်ရွက်ရမည်။

ခ(၄) <u>သတ္တုတွင်းလုပ်ငန်းခွင်များအတွက် ထုတ်လွှတ်အရည်ဆိုင်ရာ စံချိန်စံညွှန်းများ</u>

**ခ-၄-၁ သတ္တုတွင်းလုပ်ငန်းမှ စီးဆင်းရေနှင့် စွန့်ထုတ်အရည်ဆိုင်ရာ စံချိန်စံညွှန်းများ**

အောက်ပါ စံချိန်စံညွှန်းများသည် သတ္တုတွင်းမှ စီးဆင်းရေနှင့် စွန့်ထုတ်ရည်များ၊ သတ္တုရိုင်းပုံမှ စိမ့်ထွက်ကန်များ၊ စွန့်ပစ်မြေစာပုံများ၊ မိုးရေကန်များ၊ ပြုပြင်သန့်စင်ခြင်း လုပ်ငန်းစဉ်သုံး ရေကန်များ စသည်တို့အပါအဝင် သတ္တုတွင်းလုပ်ငန်းအားလုံးနှင့် သက်ဆိုင်သည်။ ဤစံချိန်စံညွှန်းများသည် လမ်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ ယာယီ အနည်ထိုင် ကန်များမှ စီးဆင်းရေနှင့် စွန့်ထုတ်ရည်များနှင့်လည်း သက်ဆိုင်သည်။ သတ္တုတွင်း ပိတ်သိမ်းစဉ်ကာလအတွင်း သတ္တုရိုင်းပုံမှစိမ့်ထွက်ကန်များ၊ စွန့်ပစ်မြေစာပုံများ၊ မိုးရေစုကန်များ၊ ပြုပြင်သန့်စင် လုပ်ငန်းစဉ်သုံးရေကန်များစသည်တို့မှ ထွက်ရှိလာသော ရေများအတွက်လည်း ဤထုတ်လွှတ်အရည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။ ပိတ်သိမ်းပြီးနောက်အဆင့်အတွင်း သတ္တုရိုင်းပုံမှ စိမ့်ထွက်ကန်များ၊ စွန့်ပစ်မြေစာ ပုံများ၊ မိုးရေစုကန်များ၊ ပြုပြင်သန့်စင် လုပ်ငန်း စဉ်သုံး ရေကန်များစသည်တို့မှ ထွက်ရှိလာသော ရေများအတွက်မူ အနီးပတ်ဝန်းကျင်ရှိ ရေအရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**ဇယား (၁) - သတ္တုတွင်းလုပ်ငန်းခွင်များအတွက် စွန့်ထုတ်အရည်ဆိုင်ရာ ကန့်သတ်တန်ဖိုးများ**

| Parameter | Unit | Effluent Limit Value | Reference |
|---|---|---|---|
| Arsenic | mg/l | 0.1 | Myanmar National Environmental Quality (Emission) Guidelines, December 2015. |
| Cadmium | mg/l | 0.05 | As above |
| Chemical oxygen demand | mg/l | 150 | As above |
| Chromium (hexavalent) | mg/l | 0.1 | As above |
| Copper | mg/l | 0.3 | As above |
| Cyanide | mg/l | 1 | As above |
| Cyanide (free) | mg/l | 0.1 | As above |
| Cyanide (weak acid | mg/l | 0.5 | As above |

| | | | |
|---|---|---|---|
| dissociable) | | | |
| Iron (total) | mg/l | 2 | As above |
| Lead | mg/l | 0.2 | As above |
| Mercury | mg/l | 0.002 | As above |
| Nickel | mg/l | 0.5 | As above |
| pH | S.U.[a] | 6–9 | As above |
| Temperature | °C | <3 degree differential | As above |
| Total suspended solids | mg/l | 50 | As above |
| Zinc | mg/l | 0.5 | As above |

ခ-၄-၂ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးနှင့် အမှိုက်ပုံများအတွက် စွန့်ထုတ်အရည်ဆိုင်ရာ စံချိန်စံညွှန်းများ

အောက်ပါ စံချိန်စံညွှန်းများသည် အိမ်တွင်းရေဆိုးနှင့် အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အမှိုက်ပုံများမှ ထုတ်လွှတ်မှု၊ စီးဆင်းမှုနှင့် စိမ့်ထွက်မှုများနှင့် သက်ဆိုင်သည်။

ဇယား (၂) – အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးနှင့် အမှိုက်ပုံများအတွက် စွန့်ထုတ် အရည်ဆိုင်ရာ ကန့်သတ်ချက်များ

| Parameter | Unit | Effluent Limit Value | Reference |
|---|---|---|---|
| 5-day Biochemical oxygen demand | mg/l | 50 | Myanmar National Environmental Quality (Emission) Guidelines, December 2015. |
| Ammonia | mg/l | 10 | As above |
| Arsenic | mg/l | 0.1 | As above |
| Cadmium | mg/l | 0.1 | As above |
| Chemical oxygen demand | mg/l | 250 | As above |
| Chlorine (total residual) | mg/l | 0.2 | As above |
| Chromium (hexavalent) | mg/l | 0.1 | As above |

| Parameter | Unit | Effluent Limit Value | Reference |
|---|---|---|---|
| Chromium (total) | mg/l | 0.5 | As above |
| Copper | mg/l | 0.5 | As above |
| Cyanide (free) | mg/l | 0.1 | As above |
| Cyanide (total) | mg/l | 1 | As above |
| Fluoride | mg/l | 20 | As above |
| Heavy metals (total) | mg/l | 10 | As above |
| Iron | mg/l | 3.5 | As above |
| Lead | mg/l | 0.1 | As above |
| Mercury | mg/l | 0.01 | As above |
| Nickel | mg/l | 0.5 | As above |
| Oil and grease | mg/l | 10 | As above |
| pH | S.U. | 6–9 | As above |
| Phenols | mg/l | 0.5 | As above |
| Selenium | mg/l | 0.1 | As above |
| Silver | mg/l | 0.5 | As above |
| Sulphide | mg/l | 1 | As above |
| Temperature increase | °C | <3[a] | As above |
| Total coliform bacteria | 100 ml | 400 | As above |
| Total phosphorus | mg/l | 2 | As above |
| Total suspended solids | mg/l | 50 | As above |
| Zinc | mg/l | 2 | As above |

[a] At the edge of a mixing zone extending 100 meters from the point of discharge

ခ (၅) <u>ထုတ်လွှတ်အခိုးအငွေ့ဆိုင်ရာ စံချိန်စံညွှန်းများ</u>

လုပ်ငန်းစီမံကိန်းများမှ ထုတ်လွှတ်အခိုးအငွေ့ သိပ်သည်းပါဝင်မှုပမာဏသည်ချမှတ်ထားသည့်အမျိုးသားထိတွေ့ဝန်းကျင်အရည်အသွေးဆိုင်ရာလမ်းညွှန်ချက်များနှင့်စံချိန်စံညွှန်းများသို့မဟုတ်၎င်းအမျိုးသားစံချိန်စံညွှန်းတို့မရှိခဲ့လျှင်ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အောက်ဖော်ပြပါ တည်ဆဲလေထုအရည်အသွေးဆိုင်ရာ လမ်းညွှန်ချက်များသတ်မှတ်ထားသည့်သိပ်သည်းပါဝင်မှုပမာဏအဆင့်သို့ရောက်ရှိခြင်း သို့မဟုတ် ကျော်လွန်ခြင်းမရှိစေရ၊

ဇယား (၃) ထုတ်လွှတ်အခိုးအငွေ့ဆိုင်ရာ စံချိန်စံညွှန်းများ

| i. Parameter | ii. Averaging Period | . Guideline Value μg/m$^3$ |
|---|---|---|
| Nitrogen dioxide | 1-year<br>1-hour | 40<br>200 |
| Ozone | 8-hour daily maximum | 100 |
| Particulate matter $PM_{10}$[a] | 1-year<br>24-hour | 20<br>50 |
| Particulate matter $PM_{2.5}$[b] | 1-year<br>24-hour | 10<br>25 |
| Sulfur dioxide | 24-hour<br>10-minute | 20<br>500 |

[a] Particulate matter 10 micrometers or less in diameter

[b] Particulate matter 2.5 micrometers or less in diameter

ခ(၆) <u>အနီးပတ်ဝန်းကျင်ရှိ ရေအရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ</u>

စီမံကိန်းအဆိုပြုသူသည် စီမံကိန်း သို့မဟုတ် ဆက်စပ်လုပ်ငန်းများမှ စွန့်ထုတ်ရည်၊ စီးဆင်းရေ၊ စိမ့်ထွက်ရေများကြောင့် ထုတ်လွှတ်သည့်နေရာ၏ အောက်ပိုင်းရှိ အနီးပတ်ဝန်းကျင်ရေအရည်အသွေးကို သက်ဆိုင်ရာရေအရည်အသွေးစံချိန်စံညွှန်းများထက် မကျော်လွန်စေရန် တာဝန်ရှိသည်။ ပိတ်သိမ်းပြီးနောက်အဆင့်အတွင်း သတ္တုရိုင်းပုံများ၊ စွန့်ပစ်မြေစာပုံများ၊ မိုးရေစုကန်၊ ရေထိန်းကန်များ၊ သန့်စင်ပြုပြင်ရေးလုပ်ငန်းစဉ်သုံး ရေကန်များမှ ထွက်ရှိလာသော ရေများသည် မည်သည့်အချိန်တွင်မဆို အနီးပတ်ဝန်းကျင် ရေအရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်ကိုက်ညီနေရမည်။ ရေအရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများတွင် သောက်ရေဆိုင်ရာ လမ်းညွှန်ချက်များ (ခ-၆-၁)၊ မြေပေါ်ရေဆိုင်ရာ လမ်းညွှန်ချက်များ (ခ-၆-၂) တို့ကို လိုက်နာဆောင်ရွက်ရမည်။

**ခ-၆-၁ သောက်ရေအရည်အသွေးစံချိန်စံညွှန်းများ**

သောက်ရေအရည်အသွေးသည် ဇယား (၄)ပါ စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

**ဇယား (၄) – သောက်ရေအရည်အသွေးစံချိန်စံညွှန်းများ**

| Parameter | Unit | Concentration | Reference |
|---|---|---|---|
| Aluminum | mg/l | 0.2 | National drinking water quality standards. 2014. Ministry of Health, Myanmar. |
| Ammonia-Nitrogen | mg/l | 1.5 | As above |

| Parameter | Unit | Concentration | Reference |
|---|---|---|---|
| Antimony | mg/l | 0.02 | As above |
| Arsenic | mg/l | 0.05 | As above |
| Barium | mg/l | 0.7 | As above |
| Boron | mg/l | 2.4 | As above |
| Cadmium | mg/l | 0.003 | As above |
| Calcium | mg/l | 200 | As above |
| Chloride | mg/l | 250 | As above |
| Chromium | mg/l | 0.05 | As above |
| Coliforms (total) | MPN/100ml | 3 | As above |
| Coliforms (faecal) | MPN/100ml | 0 | As above |
| Color | TCU | 15 | As above |
| Copper | mg/l | 2 | As above |
| Cyanide | mg/l | 0.07 | As above |
| Fluoride | mg/l | 1.5 | As above |
| Hardness | mg/L as $CaCO_3$ | 500 | As above |
| Iron | mg/l | 1 | As above |
| Lead | mg/l | 0.01 | As above |
| Magnesium | mg/l | 150 | As above |
| Manganese | mg/l | 0.4 | As above |
| Mercury (total) | mg/l | 0.001 | As above |
| Nickel | mg/l | 0.07 | As above |
| Nitrate (as $NO_3$) | mg/l | 50 | As above |
| Nitrate (as $NO_2$) | mg/l | 3 | As above |
| Odor | – | Acceptable/No objectionable odor | As above |
| pH | – | 6.5–8.5 | As above |
| Selenium | mg/l | 0.04 | As above |
| Sodium | mg/l | 200 | As above |
| Sulphate | mg/l | 250 | As above |
| Sulphide | mg/l | 0.05 | As above |

| Parameter | Unit | Concentration | Reference |
|---|---|---|---|
| Taste | – | Acceptable/No objectionable taste | As above |
| Total dissolved solids | mg/l | 1000 | As above |
| Turbidity | NTU | 5 | As above |
| Uranium | mg/l | 0.03 | As above |
| Zinc | mg/l | 3 | As above |

### ခ-၆-၂ ရေနေသက်ရှိများအားကာကွယ်ရေးအတွက်အနီးပတ်ဝန်းကျင်ရေအရည်အသွေး ဆိုင်ရာစံချိန်စံညွှန်းများ

အနီးပတ်ဝန်းကျင်ရှိ မြေပေါ်ရေအရည်အသွေးသည် ဇယား (၅)ပါ စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

ဇယား(၅)– ရေနေသက်ရှိများအား ကာကွယ်ရေးအတွက် အနီးပတ်ဝန်းကျင်ရေ အရည်အသွေးဆိုင်ရာစံချိန်စံညွှန်းများ

| Parameter | Unit | Concentration | Reference |
|---|---|---|---|
| Aluminum | mg/l | 0.005 (if pH < 6.5)<br>0.1 (if pH > 6.5) | Australian and New Zealand guidelines for fresh and marine water quality. 2000. Australian and New Zealand Environment Conservation Council.<br>Water Quality Guidelines for the Protection of Aquatic Life. 2016. Canadian Council of Ministers of the Environment.<br>Metal mining technical guidance for environmental effects monitoring. 2012. Environment Canada. |
| Ammonia | mg/l | 0.02 | As above |
| Arsenic | mg/l | 0.05 | As above |

| Parameter | Unit | Concentration | Reference |
|---|---|---|---|
| Boron | mg/l | 0.5 | As above |
| Cadmium | mg/l | 0.0002 | As above |
| Chloride | mg/l | 0.86 | As above |
| Chromium (hexavalent) | mg/l | 0.01 | As above |
| Chromium (trivalent) | mg/l | 0.0089 | As above |
| Coliforms (total) | MPN/100ml | 5000 | As above |
| Coliforms (faecal) | MPN/100ml | 1000 | As above |
| Color | mg/l | Not significantly higher that seasonally adjusted background value | As above |
| Copper | mg/l | 0.002 | As above |
| Cyanide (free) | mg/l | 0.005 | As above |
| Dissolved oxygen | mg/l | 6 | As above |
| Ethanol | mg/l | 1.4 | As above |
| Fluoride | mg/l | 0.2 | As above |
| Iron | mg/l | 0.3 | As above |
| Lead | mg/l | 0.001 | As above |
| Manganese | mg/l | 0.05 | As above |
| Mercury | mg/l | 0.0001 | As above |
| Molybdenum | mg/l | 0.073 | As above |
| Naphthalene | mg/l | 0.016 | As above |
| Nickel | mg/l | 0.015 | As above |
| Nitrate | mg/l | 5 | As above |
| Nitrite | mg/l | 0.06 | As above |
| Oil & grease | – | Substantially absent, no | As above |

| Parameter | Unit | Concentration | Reference |
|---|---|---|---|
| | | iridescent sheen | |
| pH | – | 6.5–9 | As above |
| Phenols | mg/l | 0.004 | As above |
| Phosphorus | mg/l | 0.15 | As above |
| Selenium (total) | mg/l | 0.005 | As above |
| Silver | mg/l | 0.0001 | As above |
| Sulphide | mg/l | 0.002 | As above |
| Temperature | °C | < 2 increase | As above |
| Thallium | mg/l | 0.004 | As above |
| Total suspended solids | mg/l | 10 | As above |
| Tributyltin | mg/l | 0.000008 | As above |
| Turbidity | – | < 10% change | As above |
| Uranium | mg/l | 0.015 | As above |
| Zinc | mg/l | 0.005 | As above |

ခ(၇) <u>အနီးပတ်ဝန်းကျင်ရှိ လေအရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ</u>

လေအရည်အသွေးသည် ဇယား (၆) ပါ ကန့်သတ်တန်ဖိုးများနှင့် ကိုက်ညီရမည်။

**ဇယား (၆) – အနီးပတ်ဝန်းကျင် လေအရည်အသွေးစံချိန်စံညွှန်းများ**

| Substance | Averaging Period | Standard $\mu g/m^3$ | Reference |
|---|---|---|---|
| Sulfur dioxide | 24 hours<br>10 minutes | 20<br>500 | Myanmar National Environmental Quality (Emission) Guidelines, December 2015. |
| Nitrogen dioxide | 1 year<br>1 hour | 40<br>200 | As above |
| Particulate matter $PM_{10}$ | 1 year<br>24 hours | 20<br>50 | As above |
| Particulate matter $PM_{2.5}$ | 1 year<br>24 hours | 10<br>25 | As above |
| Ozone | 8-hour daily maximum | 100 | As above |

| Substance | Averaging Period | Standard μg/m$^3$ | Reference |
|---|---|---|---|
| Mercury | 1 year | 1 | Air Quality Guidelines. 2000. World Health Organization. |
| Acid mist (workplace); Sulfuric acid | 8-hour shift | 1 mg//m$^3$ | Report on Carcinogens. 2011. U.S. Department of Health and Human Services. http://ntp.niehs.nih.gov/ntp/roc/twelfth/profiles/StrongInorganicAcidMists.pdf viewed on 10/10/2013. |
| Acid mist (public); Sulfuric acid | Per incident | 0.1mg/m$^3$ per incident | U.S. Department of Labor, Sulphuric Acid: Exposure Limits and Health Effects. |

၁(၈) <u>အနီးပတ်ဝန်းကျင်ရှိ ဆူညံမှုဆိုင်ရာ စံချိန်စံညွှန်းများ</u>

ဆူညံမှုကြောင့် ထိခိုက်မှုများမှာ ဇယား (၇) ပါ ကန့်သတ်တန်ဖိုးများနှင့်ကိုက်ညီရမည် သို့မဟုတ် ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံး မြင့်တက်မှု 3 dB ထက် ကျော်လွန်စေခြင်းမရှိစေရ။

**ဇယား (၇) – အနီးပတ်ဝန်းကျင် ဆူညံသံစံနှုန်း သတ်မှတ်ချက်ဇယား**

| Receptor | One Hour $L_{Aeq}$ (dBA) | | Reference |
|---|---|---|---|
| | Daytime 07:00–22:00 | Nighttime 22:00–07:00 | |
| Residential, institutional, educational | 55 | 45 | Noise Management, General EHS Guideline. 2007. International Finance Corporation. |
| Industrial, commercial | 70 | 70 | As above |

၁(၉) <u>လေထုအတွင်းဖောက်ခွဲခြင်း</u>

လေထုတွင်းဖောက်ခွဲခြင်းအတွက် အမြင့်ဆုံးတန်ဖိုးမှာ 115 dBLinear ဖြစ်သည်။ (၁၂) လ ကာလအတွင်းစုစုပေါင်းဖောက်ခွဲသည့်အကြိမ်ရေ၏ ၅% အထိတွင် ယင်းတန်ဖိုး 115 dB Linear ထက် ကျော်လွန်နိုင်ပါသည်။ သို့ရာတွင် မည်သည့် ဖောက်ခွဲမှုတွင်မဆို 120 dB Linear ထက်မကျော်လွန်စေရ။ မြေတုန်ခါမှုအတွက်5 mm/s (Peak Particle Velocity

PPV) ဖြစ်သည်။ (၁၂) လကာလအတွင်း စုစုပေါင်းဖောက်ခွဲသည့် အကြိမ်ရေ၏ ၅% အထိ ယင်းတန်ဖိုး 5 mm/s ထက် ကျော်လွန်နိုင်ပါသည်။ သို့ရာတွင် မည်သည့်ဖောက်ခွဲမှုတွင် မဆို 10 mm/s ထက် မကျော်လွန်စေရ။ ဖောက်ခွဲခြင်းကို နေ့အလင်းရောင်ရှိသည့် အချိန်တွင်သာပြုလုပ်ရမည်။

ခ(၁၀) <u>သတ္တုရိုင်းပုံများ၊ စွန့်ပစ်မြေစာပုံများ၊ မိုးရေစုကန်များ၊ ရေထိန်းကန်များနှင့် သန့်စင်ပြုပြင်လုပ်ငန်းစဉ်သုံးကန်များ၊ Containment Liners အတွက် အသေးစိတ် သတ်မှတ်ချက်များ</u>

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အခန်း(၂)၊ ၂.၈ တွင်ဖော်ပြပါရှိသည့်အတိုင်း စွန့်ပစ် ရေစုကန်များအား ဘောင်များအခိုင်အမာပြုလုပ်ထားပြီး ခြံစည်းရိုးကာရံ၍ သတိပေးစာတမ်းများကပ်ထားရန်၊

(၂) အခန်း(၂)၊ ၂.၉.၅ တွင်ဖော်ပြပါရှိသည့်အတိုင်း အပေါ်ယံမြေဆီလွှာကို နေရာသတ်မှတ်၍ သီးခြားစုပုံထားရှိရန်၊ မိုးရာသီတွင် ရေတိုက်စား မျောပါခြင်းမရှိစေရေးနှင့် နွေရာသီတွင် ဖုန်မှုန့်များလွင့်ပါးခြင်းမရှိစေရေးအတွက် အဖုံးအကာများဖြင့် ဖုံးအုပ်ခြင်း၊ မြက်ခင်းများစိုက်ပျိုးခြင်းဖြင့် ထိန်းသိမ်းထားရန်၊

(၃) အခန်း(၂)၊ ၂.၁၃ တွင်ဖော်ပြပါရှိသည့်အတိုင်း တစ်ရက်လျှင်ထွက်ရှိမည့် စွန့်ပစ်ခဲစာ (၁၅)တန်ခန့်အား စွန့်ပစ်ကွင်းတွင် စနစ်တကျစုပုံထားရှိရန်၊

(၄) အခန်း(၁၃)၊ ၁၃.၁.၁ တွင်ဖော်ပြပါရှိသည့်အတိုင်း စွန့်ပစ်မြေစာ (Waste Rock) များကိုသတ်မှတ်ထားသောစွန့်ပစ်မြေစာပုံနေရာတွင်စနစ်တကျစုပုံခြင်း၊ တူးဖော်ထားပြီးသော လုပ်ကွက်ကျင်းဟောင်းများတွင် ပြန်လည်ဖို့ခြင်း၊ မြေဖို့ပြီးနေရာများတွင် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၅) အခန်း(၁၃)၊ ၁၃.၁.၂ တွင်ဖော်ပြပါရှိသည့်အတိုင်း စွန့်ပစ်မြေစာပုံ ပြိုကျခြင်း မရှိစေရန် မြေစာပုံကမ်းပါးများအား လှေကားထစ်ပုံဖော်၍ကျောက်ရိုးစီခြင်း၊ မြေစာပုံကမ်းပါးတစ်လျှောက်တွင် အမြစ်ရှည်ပင်များစိုက်ပျိုးခြင်း၊ မြေစာပုံအောက်ခြေတွင် ရေနုတ်မြောင်းများ စနစ်တကျဖောက်လုပ်ပေးခြင်းများ ဆောင်ရွက်ရန်၊

ခ(၁၁) <u>လေထုညစ်ညမ်းမှုလျှော့ချရေးပစ္စည်းကိရိယာများအတွက် အသေးစိတ်သတ်မှတ်ချက်များ</u>

လေထုညစ်ညမ်းမှု လျှော့ချရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လျှော့ချစွန့်ထုတ်နိုင်မည့် ထိရောက်မှုအရှိဆုံး နည်းလမ်းများကို အသုံးပြုဆောင်ရွက်ရန်၊

(ဂ) ပတ်ဝန်းကျင်နှင့် လူမှုစီမံခန့်ခွဲဆိုင်ရာ စည်းကမ်းချက်များ

ဂ(၁) <u>တည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းအတွက် အလုပ်လုပ်ချိန်များ</u>

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အခန်း(၂)၊၂.၁၂ တွင်ဖော်ပြပါရှိသည့်အတိုင်း ဝန်ထမ်း/ လုပ်သားများအား တစ်ရက်(၈)နာရီ ဖြင့်လည်ပတ်ဆောင်ရွက်ရန်နှင့် သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၇၄ ပါ ပြဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်။

ဂ(၂) <u>ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲရေးစနစ်</u>

စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အပိုဒ် ၈၉ (က) အရ အောက်ပါတို့ကို ဖွဲ့စည်းဆောင်ရွက်ထားရှိရန် -

(၁) ဆိုးကျိုးသက်ရောက်မှုအားလုံးကို ဖော်ထုတ်သတ်မှတ်ရန်၊ ထိန်းချုပ်ရန်၊ တားဆီးကာကွယ်ရန် သို့မဟုတ် လျော့နည်းစေရန် လုပ်ထုံးလုပ်နည်းများနှင့် စီမံခန့်ခွဲမှုစနစ်များ၊

(၂) ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ကတိကဝတ်အားလုံးကို လိုက်နာဆောင်ရွက်ရန် သေချာစေသည့် လုပ်ထုံးလုပ်နည်းများ၊

(၃) စီမံကိန်းလုပ်ငန်းအဆင့် (တည်ဆောက်ရေးအဆင့်၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု အဆင့်) အလိုက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တို့တွင် ဖော်ပြထားသည့် ဆောင်ရွက်မှုများကို အကောင်အထည်ဖော်ရန် လုပ်ထုံးလုပ်နည်းများ၊

(၄) စီမံကိန်း၏ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်မှုများ တိုးတက် စေရန် လုပ်ထုံးလုပ်နည်းများ၊

(၅) ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အရည်အချင်းပြည့်ဝသော ပုဂ္ဂိုလ်များ ပါဝင်သည့်အဖွဲ့အစည်း၊

(၆) စာရွက်စာတမ်း မှတ်တမ်းထားရှိခြင်း၊ အစီရင်ခံတင်ပြခြင်းနှင့် သတင်း အချက်အလက်များထုတ်ဖော်ခြင်း လုပ်ထုံးလုပ်နည်းများ၊

ဂ(၃) <u>ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုဆိုင်ရာ၊ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးရုံး</u>

စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာနှင့် အညီပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်မာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ကြီးကြပ်ဆောင်ရွက်ရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထားရှိရမည်။

ဂ(၄) <u>ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲရေးအစီအစဉ်များနှင့် စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်များ</u>

စီမံကိန်းအဆိုပြုသူသည်ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ပတ်ဝန်းကျင် နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များကို အကောင်အထည်ဖော်ရမည်ဖြစ်ပြီး၊ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်များကို ပတ်ဝန်းကျင်

စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြပါရှိသည့် ဤ ECC၊ က-၄ ပါ စောင့်ကြပ်ကြည့်ရှုရမည့် အစီအစဉ်များနှင့် အောက်ပါသတ်မှတ်ချက်များကို ဆောင်ရွက်တင်ပြရန်-

(၁) ယမ်းဖောက်ခွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၁ နှင့်အညီ ဆောင်ရွက်မှု ရှိ/မရှိ စောင့်ကြပ်ကြည့်ရှုရမည်။

(၂) ပတ်ဝန်းကျင်နှင့်ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများအပါအဝင်သက်ရောက်မှုများ စောင့်ကြပ်ကြည့်ရှုမည့် (Parameters) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်း နှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သတ်မှတ်ချက်အတိုင်းတင်ပြရမည်။

(၃) လုပ်ငန်းဆောင်ရွက်သည့် လုပ်သားများကို (၃)လတစ်ကြိမ် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်၍ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တွင် ထည့်သွင်းဖော်ပြရမည်။

၈(၅) <u>လူ့စွမ်းအားရင်းမြစ်များနှင့် ငွေရေးကြေးရေးဆိုင်ရာ ကတိကဝတ်များ</u>

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အခန်း(၁၀)၊ (၁၀.၁) တွင် ဖော်ပြပါရှိသည့် စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့နှင့် အခန်း(၁၁)၊ (၁၁.၁) တွင် ဖော်ပြပါရှိသည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အခန်း(၁၀) (၁၀.၂) တွင် ဖော်ပြပါရှိသည့် စောင့်ကြပ်ကြည့်ရှုခြင်းအတွက် အမြတ်ငွေ၏ (၂%)ကို ထားရှိသုံးစွဲရန်၊ အခန်း(၁၂)၊ (၁၂.၂) တွင်ဖော်ပြပါရှိသည့် လူမှုစီးပွားရေးဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရရှိလာမည့်အကျိုးမြတ်၏(၂%)ကိုထားရှိသုံးစွဲရန်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက်လုံလောက်သည့်ရံပုံငွေတစ်ရပ် ထူထောင်ထားရှိဆောင်ရွက်ရမည်။

၈(၆) <u>ရေရှည်တည်တံ့စေသော ထုတ်လုပ်မှုနှင့် သုံးစွဲမှု</u>

စီမံကိန်းအဆိုပြုသူသည် စီမံကိန်းတွင် ကုန်ကြမ်းပစ္စည်းများ၊ စွမ်းအင်နှင့်ရေတို့ကို ထိရောက်အကျိုးရှိစွာသုံးစွဲကြောင်းသေချာစေရန် သင့်တော်သော နည်းလမ်းများကို ဆောင်ရွက်ရမည်။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများနှင့် သုံးစွဲရေစာရင်းကို မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး၊ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကို လျှော့ချနိုင်မည့် သို့မဟုတ် ကုန်ကြမ်းပစ္စည်းနှင့် သုံးစွဲရေတို့ကိုပိုမိုထိရောက် အကျိုးရှိစွာ အသုံးပြုနိုင်မည့် သင့်တော်သော အစားထိုးပစ္စည်းများရရှိနိုင်ခြင်း ရှိ/မရှိကို အနည်းဆုံး(၃)နှစ်တစ်ကြိမ် ဆန်းစစ်သုံးသပ်၍ မှတ်တမ်းတင်ထားရမည်။ စီမံကိန်း အဆိုပြုသူသည် ထိုသို့သော ဆန်းစစ်သုံးသပ်ချက်များမှ သင့်တော်သည်ဟု သတ်မှတ်ဖော်ထုတ်ထားသော နည်းလမ်းများကို လက်တွေ့အသုံးချနိုင်ရန် ဆက်လက်ဆောင်ရွက်ရမည်။

(ဃ) ECC အားလိုက်နာဆောင်ရွက်မှုကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ စည်းကမ်းချက်များ

ဃ(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းတွင်၎င်း ECC သက်သေခံလက်မှတ်အတိုင်း လိုက်နာဆောင်ရွက်မှုများကို စောင့်ကြပ်ကြည့်ရှုရမည်။စောင့်ကြပ်ကြည့်ရှုခြင်းကို ECC သက်သေခံလက်မှတ်ပါပတ်ဝန်းကျင်အရည်အသွေး (စံချိန်စံညွှန်း) ဆိုင်ရာ စည်းကမ်းချက်များ၊ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုစည်းကမ်းချက်များ၊ စီမံကိန်း ကတိကဝတ်များနှင့် အပိုင်း(ဆ) – သတ္တုတွင်းပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးနောက် အဆင့်များအတွက် စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရမည်။

ဃ(၂) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များအား ဖောက်ဖျက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ၎င်း ECC နှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ပါ ဆောင်ရွက်ရမည့်အချက်များအား ဖောက်ဖျက်မှုများကို ဝန်ကြီးဌာနသို့ ဖြစ်နိုင်သမျှ ဆောလျင်စွာစာဖြင့်ရေးသား၍ အသိပေးတင်ပြရမည်။ဆိုးရွားသော သက်ရောက်မှုဖြစ်စေနိုင်သည့် ဖောက်ဖျက်မှုတစ်ခု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနက ချက်ချင်းသိရှိရန် လိုအပ်သည့်ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာပါက (၂၄) နာရီအတွင်းတွင်လည်းကောင်း၊ အခြားဖြစ်ရပ်အားလုံးတွင် စီမံကိန်းအဆိုပြုသူမှ ယင်းဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက်အတွင်းတွင်လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးအကြောင်းကြားရမည်။

ဃ(၃) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအပြင် အောက်ဖော်ပြပါ ကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှု မရှိစေဘဲ အစီရင်ခံတင်ပြရမည်–

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) ၎င်း ECC သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ချိုးဖောက်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ အသိပေးအကြောင်းကြားရာတွင် ဆောင်ရွက်ထားပြီးသော လျော့ပါးစေရေးနည်းလမ်းများနှင့် စီမံကိန်းလည်ပတ်မှုတွင် ပြောင်းလဲလုပ်ဆောင်ရန် အဆိုပြုသည့် လုပ်ငန်းများကိုလည်း ရှင်းလင်းဖော်ပြပေးရမည်။

ဃ(၄) <u>မမျှော်မှန်းနိုင်သော ထိခိုက်မှုများ</u>

စီမံကိန်းတည်ဆောက်ခြင်း၊ လည်ပတ်ဆောင်ရွက်ခြင်း၊ ပိတ်သိမ်းခြင်း သို့မဟုတ် ရပ်စဲခြင်း အဆင့်တစ်ခုခုတွင် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၌ ထည့်သွင်းစဉ်းစားထားခြင်းမရှိသည့် မမျှော်မှန်းနိုင်သော ပတ်ဝန်းကျင်/လူမှုဆိုင်ရာ အန္တရာယ် သို့မဟုတ် ထိခိုက်မှု တစ်ခုခု ပေါ်ပေါက်လာပါက၊ စီမံကိန်းအဆိုပြုသူသည် ထိုသို့သောအန္တရာယ် သို့မဟုတ် ထိခိုက်မှု ဖြစ်ပေါ်သည်နှင့်တပြိုင်နက် ဖြစ်ပေါ်သည့် ကိစ္စရပ်နှင့် အဆိုပြုထားသော ကုစားဆောင်ရွက်ရေးလုပ်ငန်းစီမံချက်တို့ကို အသေးစိတ် ရှင်းလင်းဖော်ပြလျှက် ဝန်ကြီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်။

ဃ(၅) <u>စောင့်ကြပ်ကြည့်ရှုရေးအစီရင်ခံစာများ</u>

စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေး အစီရင်ခံစာများကို ဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ်တင်ပြရမည်။ စောင့်ကြပ်ကြည့်ရှုရေး အစီရင်ခံစာများတွင် အောက်ပါအချက်များပါဝင်ရမည် -

(၁) ဤ ECC ပါ စည်းကမ်းချက်များအားလုံးကို လိုက်နာဆောင်ရွက်ထားကြောင်း သက် သေခံ စာရွက်စာတမ်းများ။

(၂) တင်ပြထားသော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များအား အကောင်အထည်ဖော်ရေးအစီအစဉ်နှင့် နှိုင်းယှဉ်ဖော်ပြထားသည့် (အစီရင်ခံသည့် အချိန်အထိ) အကောင်အထည်ဖော်ခြင်းလုပ်ငန်း တိုးတက်မှုအခြေအနေ။

(၃) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များအား အကောင်အထည် ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစား ဆောင်ရွက်ရန် အကြံပြုချက်များနှင့် အနာဂတ်တွင် ယင်းအခက်အခဲများကို ရှောင်ရှားရန် သို့မဟုတ် ကြိုတင်ကာကွယ်ရန် အဆင့်များ။

(၄) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များကို မလိုက်နာသည့် လုပ်ငန်း အမျိုးအစားနှင့်အရေအတွက်၊ ကုစားဆောင်ရွက်ရန် အဆိုပြုသည့်နည်းလမ်းများ နှင့် ကုစားဆောင်ရွက်ရေးလုပ်ငန်းများ ပြီးစီးရမည့် အချိန်ဇယား။

(၅) စီမံကိန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များ အကျဉ်းချုပ်။

(၆) ရှင်းပြချက်များ၊မှတ်ချက်များပါဝင်သည့်မိမိအစီအစဉ်ဖြင့် စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာများအကျဉ်းချုပ်။

(၇) လုပ်ငန်းခွင်နှင့်ဒေသခံများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်သည့် မတော်တဆမှုများ၊ ဖြစ်ရပ်များအကျဉ်းချုပ်။

(၈) တိုင်ကြားမှုများ၊ နစ်နာစေသည့် အကြောင်းအချက်များ အကျဉ်းချုပ်။

(၉) ဒေသခံပြည်သူများချိတ်ဆက်ပါဝင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ။

(၁၀) EMP တွင် ကတိပြုထားသော သို့မဟုတ် အပိုင်း (ခ) - ပတ်ဝန်းကျင် အရည်အသွေးဆိုင်ရာစံချိန်စံညွှန်းများ သို့မဟုတ် အခြားနည်းဖြင့်သတ်မှတ်ထားသော ပတ်ဝန်းကျင်ဆိုင်ရာ တိုင်းတာရန်အချက် (ပါရာမီတာ) များနှင့် စည်းကမ်းချက်များအား စောင့်ကြပ်တိုင်းတာသည့်အချက်အလက်များ။

ဃ(၆) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုရေးအစီရင်ခံစာပြုစုပြီးစီးပြီးနောက် (၁၀) ရက်အတွင်းတွင် ထိုအစီရင်ခံစာကို စီမံကိန်းအဆိုပြုသူ၏ ဝက်ဘ်ဆိုဒ် သို့မဟုတ် အများပြည်သူ စုဝေးရာနေရာများတွင်ထုတ်ပြန်ထားရှိရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုရေးအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး၊ စီမံကိန်း အဆိုပြုသူသည် ထိုတောင်းခံချက်ကို လက်ခံရရှိသည့်နေ့မှ (၁၀)ရက်အတွင်းတွင် အစီရင်ခံစာ၏ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေပေးပို့ရမည်။

ဃ(၇) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနမှ လိုအပ်ပါက စီမံကိန်းတစ်ခုလုံးကိုဖြစ်စေ၊ တစိတ်တပိုင်းကိုဖြစ်စေ လွတ်လပ်သော ပတ်ဝန်းကျင်စစ်ဆေးမှုတစ်ရပ် ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်သည့် လွတ်လပ်သောပတ်ဝန်းကျင်စစ်ဆေးမှု ရလဒ်များကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

ဃ(၈) စီမံကိန်းအဆိုပြုသူသည်ပတ်ဝန်းကျင်စစ်ဆေးသည့်ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(၂၀၁၅)၊ အပိုဒ် (၁၂၂) နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

ဃ(၉) စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်နှင့်လူမှုစီးပွားဆိုင်ရာ အာမခံပေးသွင်းငွေများ၊ ရန်ပုံငွေထောက်ပံ့ရန်အာမခံချက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

ဃ(၁၀) စီမံကိန်းအဆိုပြုသူသည် အချက်အလက်များကို ထုတ်ပြန်ကြေညာရန်အတွက် ဝက်ဘ်ဆိုဒ် သို့မဟုတ် အစီအစဉ်တစ်ခု ထူထောင်ထားရှိရမည်။ အဆိုပါ ဝက်ဘ်ဆိုဒ် သို့မဟုတ် ထုတ်ပြန်ကြေညာရန်အစီအစဉ်တွင် စီမံကိန်းအတွက်လိုအပ်သည့်အတည်ပြုခွင့်ပြုချက်များ၊ လုပ်ငန်းအစီအစဉ်များ၊ အစီရင်ခံစာများ၊ ခွင့်ပြုမိန့်များ၊ လိုက်နာဆောင်ရွက်မှုကို စိစစ်သုံးသပ်ခြင်း၊ စစ်ဆေးခြင်းပြုလုပ်ထားသည့် အသေးစိတ် အချက်အလက်များကိုလည်းကောင်း နောက်ဆုံးရအချက်များဖြင့် ပုံမှန်မွမ်းမံ(Update) ပြုလုပ်၍ ထုတ်ပြန်ကြေညာရမည်။

ဃ(၁၁) ဝန်ကြီးဌာနသည် စီမံကိန်းက ECC သက်သေခံလက်မှတ်နှင့်အညီ လိုက်နာဆောင်ရွက်ရေးကို ထိန်းကွပ်ရန်နှင့် သတ်မှတ်ဆုံးဖြတ်နိုင်ရေးအတွက် စီမံကိန်းနှင့် သက်ဆိုင်ရာဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်/ တိုင်းဒေသကြီးအဆင့်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ သို့မဟုတ် ဒေသဆိုင်ရာရုံးများမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအရာရှိများဖြင့်ဖြစ်စေ၊ အကြံပေးပုဂ္ဂိုလ်တစ်ဦးဦး၏ ဝန်ဆောင်

မှုကို သုံး၍ဖြစ်စေ၊ ယင်းတို့ နှစ်မျိုးလုံး ဖြင့်ဖြစ်စေ စောင့်ကြပ်ကြည့်ရှုခွင့်နှင့် စစ်ဆေးခွင့်ရှိသည်။

ဃ(၁၂) ဝန်ကြီးဌာန၏ စုံစမ်းစစ်ဆေးချက်အရ ဤ ECC သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို မလိုက်နာမှု တစ်စုံတစ်ရာ တွေ့ရှိရပါက၊ ဝန်ကြီးဌာနသည် စီမံကိန်းအဆိုပြုသူအား ကုစားပြင်ဆင်ရေးနည်းလမ်းများ ဆောင်ရွက်စေရန်ဖြစ်စေ သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅) တွင် ဖော်ပြထားသော ဒဏ်ကြေးများ ပေးဆောင်စေရန်ဖြစ်စေ သို့မဟုတ် နှစ်မျိုးလုံးကိုဖြစ်စေ သတ်မှတ်နိုင်သည်။

ဃ(၁၃) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် (၁၀၃)အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝအကောင်အထည်ဖော်ရမည့်အပြင် ယင်းကိုယ်စား စီမံကိန်းကို တာဝန်ယူဆောင်ရွက်မည့် ကန်ထရိုက်တာများကိုလည်း စည်းကမ်းချက်များကို အပြည့်အဝလိုက်နာရန်၊ အပိုဒ်(၁၀၄)အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းတို့တွင် ပါရှိသောလိုအပ်ချက်များ အားလုံးအတွက် အပြည့်အဝထိရောက်စွာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အပိုဒ် (၁၀၇)အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်ပါ တာဝန်များပျက်ကွက်မှု ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဝန်ကြီးဌာနသို့ ဆောလျင်စွာ စာဖြင့်အသိပေးတင်ပြရမည် ဖြစ်ပါသည်။

ဃ(၁၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် အခိုးအငွေ့ထုတ်လွှတ်မှု ကန့်သတ်ချက် ပမာဏခွင့်ပြုချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းများအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပုဒ်မ (၃၂ ၊ ၃၃) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)၊ နောက်ဆက်တွဲ(ဂ)၊ ဇယား (၁၀) ပါပြဌာန်းသတ်မှတ်ချက်များနှင့်အညီ အရေးယူဆောင်ရွက်မည် ဖြစ်သဖြင့် အလေးထားလိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

ဃ(၁၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် စီမံကိန်းကို စစ်ဆေးရာတွင် ဓါတ်ပုံရိုက်ခြင်း၊ အသံသွင်းခြင်း၊ ဗွီဒီယိုရိုက်ကူးခြင်းတို့ကိုလည်းကောင်း၊ မြေဆီလွှာ၊ အနည်အနှစ်၊ ရေနှင့်လေ နမူနာများ စုဆောင်းရယူခြင်းကိုလည်းကောင်း၊ ကွန်ပျူတာများကို စစ်ဆေးခြင်းနှင့် ဒီဂျစ်တယ်ဖိုင်များအပါအဝင် စာရွက်စာတမ်းအထောက်အထားများအား မိတ္တူကူးခြင်းကိုလည်းကောင်း၊ လူပုဂ္ဂိုလ်များအားတွေ့ဆုံမေးမြန်းခြင်းကိုလည်းကောင်း၊ ဝန်ကြီးဌာနက လိုအပ်သည် သို့မဟုတ် သင့်တော်သည်ဟု ယုံကြည်ရသည့် အခြားစစ်ဆေးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်နိုင်သည်။

ဃ(၁၆) စောင့်ကြပ်ကြည့်ရှုခြင်း သို့မဟုတ် စစ်ဆေးခြင်းဆောင်ရွက်ရာတွင် လုပ်ငန်းခွင်နေရာများ၊ အထောက်အကူပြုပစ္စည်းများ၊ ယာဉ်များ၊ ကွန်ပျူတာများ၊ မှတ်တမ်းမော်ကွန်း ထိန်းသိမ်းရာနေရာများ၊ စာရွက်စာတမ်းများ၊ မီဒီယာနှင့် အချက်အလက်စုဆောင်း သိမ်းဆည်းသည့် အခြား ပုံစံများနှင့် အမျိုးအစားများစသည်ဖြင့် အကန့်အသတ်မရှိ ပါဝင်ပြီး၊ မည်သည့်လုပ်သား (ဝန်ထမ်း) သို့မဟုတ် ကန်ထရိုက်တာ သို့မဟုတ် လက်ခွဲ ကန်ထရိုက်တာကိုဖြစ်စေ တွေ့ဆုံမေးမြန်းခြင်းများလည်းပါဝင်သည်။

ဿ

(င) **စီမံကိန်း ကတိကဝတ်များ**

စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ စီမံကိန်းကတိကဝတ်များအားလုံးကို လိုက်နာမည်ဖြစ်ကြောင်း၊ လိုအပ်သော ငွေရေးကြေးရေးနှင့် လူ့စွမ်းအားရင်းမြစ်များကို ထောက်ပံ့ပေးမည် ဖြစ်ကြောင်းကို သဘောတူညီပြီးဖြစ်သည် -

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အခန်း (၄)၊ (၄.၁) နှင့် (၄.၂) တွင် ဖော်ပြထားသည့် ကတိကဝတ်နှင့်အညီ ဆောင်ရွက်ရန်၊

(၂) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အခန်း (၈)၊ (၈.၁) နှင့် (၈.၂) တွင် ဖော်ပြပါရှိသည့် ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်နှင့် အရေးပေါ်အန္တရာယ်ကာကွယ်ရေးအစီအစဉ်တို့ကို ဆောင်ရွက်ရန်၊

(၃) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အခန်း (၉)၊ (၉.၂) တွင် ဖော်ပြပါရှိသည့် အတိုင်း တစ်လတစ်ကြိမ် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်း၏ အားသာချက်၊ အားနည်းချက်များနှင့် ဒေသခံများ၏ လိုအပ်ချက်များအား ရယူဆောင်ရွက်သွားရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ နောက်ဆက်တွဲ (ဂ) တွင် ဖော်ပြပါရှိသည့် ထိခိုက်နိုင်မှုများနှင့်လျှော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ်များဇယားပါအတိုင်း ဆောင်ရွက်ရန်၊

(၅) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အခန်း (၁၀)၊ (၁၀.၁) တွင် ဖော်ပြပါရှိသည့် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတိုင်းဆောင်ရွက်ရန်၊

(၆) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အခန်း (၁၃)၊ (၁၃.၁) တွင် ဖော်ပြပါရှိသည့် မိုင်းပိတ်သိမ်းခြင်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၇) ကုမ္ပဏီ၏ စီမံကိန်းဆိုင်ရာမူဝါဒများနှင့် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့် နိုင်ငံတကာစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

## (စ) အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ

### စ(၁) တိုင်ကြားမှုများနှင့် ပြဿနာများအား စီမံခန့်ခွဲရေးလုပ်ငန်းစဉ်

စီမံကိန်းအဆိုပြုသူသည် တိုင်ကြားမှုနှင့် ပြဿနာစီမံခန့်ခွဲရေး ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးကော်မတီတစ်ရပ်ကို ထူထောင်၍ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရမည် -

(၁) စီမံကိန်းအကျိုးဆက်စပ်သူများထံမှ ဘောင်ဝင်သော တိုင်ကြားချက်များကို စိစစ်သုံးသပ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း။

(၂) နစ်နာမှုများကို တက်ကြွစွာဖြင့် ကြိုတင်ဖြေရှင်းပေးခြင်း။

(၃) ရွေးချယ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်/လုပ်ငန်းကို တိုင်ကြားသူများသို့ အသိပေးအကြောင်းကြားခြင်း။

(၄) လက်ခံရရှိသည့် တိုင်ကြားချက်အရေအတွက်၊ ဖြေရှင်းပြီးသည့် တိုင်ကြားချက်အရေအတွက်၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်း၏ အပြီးသတ်အကျိုးရလဒ်များ၊ ရွေးချယ်ဆောင်ရွက်သော ဖြေရှင်းရေးလုပ်ငန်းစဉ် စသည်တို့နှင့်ပတ်သက်၍ အကျဉ်းချုပ်အစီရင်ခံစာများကို အချိန်ကာလအလိုက် ပြုစုခြင်းနှင့် ထိုအစီရင်ခံစာများအား ဝန်ကြီးဌာနက ဖတ်ရှုနိုင်ရန်တင်ပြရမည်။

### စ(၂) စီမံကိန်းအပေါ် တိုင်ကြားချက်များနှင့် စပ်လျဉ်းသည့် အစီအစဉ်

စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးလုပ်ငန်းများမစတင်မီနှင့် စီမံကိန်းသက်တမ်းတစ်လျှောက်လုံးအတွက် ဒေသခံပြည်သူများထံမှ တိုင်ကြားချက်များကို လက်ခံရန် အောက်ပါတို့ကို ဆောင်ရွက်ထားရမည် -

(၁) လုပ်ငန်းခွင်ရှိ တည်ဆောက်ခြင်းနှင့် လည်ပတ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ တိုင်ကြားမှုများကို မှတ်တမ်းတင်နိုင်ရန်အတွက် (၂၄)နာရီ ခေါ်ဆိုနိုင်သည့် တယ်လီဖုန်းနံပါတ်တစ်ခု ထားရှိရန်၊

(၂) စာဖြင့်ရေးသားထားသောတိုင်ကြားချက်များကို ပေးပို့နိုင်ရန်အတွက် စာပို့လိပ်စာတစ်ခု ထားရှိရန်၊

(၃) တိုင်ကြားချက်များကို အီလက်ထရောနစ်နည်းလမ်းဖြင့် ပေးပို့နိုင်ရန်အတွက် အီးမေးလ်လိပ်စာတစ်ခု ထားရှိရန်နှင့် တယ်လီဖုန်းနံပါတ်၊ စာပို့လိပ်စာနှင့် အီးမေးလ်လိပ်စာတို့ကို တည်ဆောက်ရေးလုပ်ငန်းများ မစတင်မီတွင် စီမံကိန်းအဆိုပြုသူ၏ အင်တာနက်ဝက်ဘ်ဆိုဒ် သို့မဟုတ် ပြည်သူရှင်းလင်းစွာ တွေ့မြင်နိုင်သည့် အနေအထားဖြင့် လုပ်ငန်းခွင်၏ အဝင်ဝအနီးတွင် ဆိုင်းဘုတ်တစ်ခုဖြင့် ရေးသားဖော်ပြပေးထားရမည်။

စ(၃) စီမံကိန်းအဆိုပြုသူသည် လက်ခံရရှိသည့် တိုင်ကြားအချက်အလက်များကို အောက်ပါ အချက်များပါဝင်သည့် မှတ်တမ်းတင်စာအုပ် ထားရှိရမည်အပြင် အဆိုပါတိုင်ကြားချက် မှတ်တမ်းတင်စာအုပ်ကို ဝန်ကြီးဌာနက စစ်ဆေးရန် တောင်းခံလာပါက ပေးအပ်တင်ပြ ရမည်-

(၁) တိုင်ကြားသည့် နေ့ရက်နှင့် အချိန်

(၂) တိုင်ကြားသည့် နည်းလမ်း (တယ်လီဖုန်း၊ စာ၊ အီးမေးလ်ဖြင့်)

(၃) တိုင်ကြားသူက ဖော်ပြထားသော ပုဂ္ဂိုလ်ရေး အသေးစိတ်အချက်အလက်များ

(၄) တိုင်ကြားချက်နှင့်စပ်လျဉ်း၍ စီမံကိန်းအဆိုပြုသူက ဆောင်ရွက်ထားသည့် အရေးယူဆောင်ရွက်ချက်

(၅) တိုင်ကြားချက်နှင့်စပ်လျဉ်း၍ စီမံကိန်းအဆိုပြုသူက မည်သည့်လုပ်ဆောင်ချက်မှ ဆောင်ရွက်ထားခြင်းမရှိပါက အဘယ်ကြောင့် မဆောင်ရွက်ရသည်ဟူသော အကြောင်းပြချက်။

စ(၄) <u>ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးကော်မတီ</u>

စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလည်ပတ်သည့်အဆင့်အတွင်းတွင် ဒေသခံများနှင့် တိုင်ပင် ဆွေးနွေးရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းရမည်။

စ(၅) <u>ဒေသခံများသို့ သတင်းအချက်အလက်ထုတ်ပြန်ရေးအစီအစဉ်</u>

စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးလုပ်ငန်းများ မစတင်မီတွင် စီမံကိန်း တည်ဆောက်ရေးအဆင့်နှင့် လည်ပတ်သည့် အဆင့်တို့၌ ဒေသခံများနှင့် ဆက်သွယ် ပြန်ကြားရေးလုပ်ငန်းစဉ်များ၊ တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များအတွက် အချက် အလက်ထုတ်ပြန်ရေးအစီအစဉ် တစ်ရပ်ကို ရေးဆွဲ၍ အကောင်အထည်ဖော်ရမည်။ ထိုအစီအစဉ်တွင် အောက်ပါအချက်များ ပါဝင်ရမည် -

(၁) ဖောက်ခွဲခြင်းလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများကို ဒေသခံ ပြည်သူများသို့ အသိပေးမည့်အစီအစဉ်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွား လာမှုကြောင့် ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ အသိပေးမည့်အစီအစဉ်၊

(၃) တည်ဆောက်ရေးကာလ ယာဉ်သွားလာမှုကြောင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး အတွက် ဒေသခံမြေပိုင်ရှင်များနှင့် တိုင်ပင်ဆွေးနွေးမည့်အစီအစဉ်၊

(၄) ECC သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသည့် အလုပ်ချိန်ပြင်ပတွင် လုပ်ငန်းဆောင်ရွက်ရန်လိုအပ်ပါက ဒေသခံများသို့ အသိပေးမည့်အစီအစဉ်၊

(၅) ထိခိုက်ခံရသည့် မြေယာများကို ပြန်လည်ထူထောင်ပေးရန်အတွက် ထိခိုက်ခံစား ရသည့် မြေပိုင်ရှင်များအား အသိပေး၍ တိုင်ပင်ဆွေးနွေးမည့်အစီအစဉ်၊

စ(၆) <u>လုပ်သားများနစ်နာမှု ဖြေရှင်းပေးရေးလုပ်ငန်းစဉ်</u>

စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလည်ပတ်ဆောင်ရွက်စဉ်အတွင်း လုပ်သားများ၏ တိုင်ကြားချက်/ နစ်နာချက်များကို ပြန်လည်ဖြေရှင်းပေးရန် လုပ်ငန်းစဉ်တစ်ရပ်ကို တည်ထောင်ရပါမည်။ ယင်းတွင် နေရာထိုင်ခင်းအခြေအနေများကြောင့် ထွက်ပေါ်လာသော မကျေနပ်ချက်များကို တုံ့ပြန်ဖြေရှင်းပေးရန်လည်း ပါဝင်သည်။

(ဆ) **စီမံကိန်းပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးနောက်အဆင့်များအတွက် စည်းကမ်းချက်များ**

ဆ(၁) <u>သတ္တုတွင်းပိတ်သိမ်းခြင်းအစီအစဉ်ရေးဆွဲခြင်း</u>

သတ္တုတွင်းပိတ်သိမ်းခြင်းအစီအစဉ်ကို သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ထုတ်လုပ်မှုလုပ်ငန်းစတင်ပြီးရက်ပေါင်း ၉၀ အတွင်း တင်ပြရမည်။

ဆ(၂) <u>ပိတ်သိမ်းခြင်း၊ ရပ်ဆိုင်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်းအတွက် ကုန်ကျစရိတ် ခန့်မှန်းခြင်း</u>

စီမံကိန်းအဆိုပြုသူသည် ပြန်လည်ထူထောင်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်း ပြီးနောက်အဆင့်များအတွက် ကုန်ကျစရိတ်ကို သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၅ ပါပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်နိုင်ရေး လုံလောက်သည့် ရန်ပုံငွေ ထားရှိရမည်။

ဆ(၃) <u>သတ္တုတွင်းပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးနောက်ကာလစီမံချက်အတွက် ရန်ပုံငွေ အာမခံခြင်း</u>

စီမံကိန်းအဆိုပြုသူသည် ပြန်လည်ထူထောင်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်း ပြီးနောက်အဆင့်များအတွက် ကုန်ကျစရိတ်ကို သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၅ (င) ပါပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်ဘဏ်တစ်ခုခုတွင် သတ္တုတွင်း ပိတ်သိမ်းရေးအတွက်ရန်ပုံငွေထားရှိရမည်။

ဆ(၄) <u>သတ္တုတွင်း အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်</u>

စီမံကိန်းအဆိုပြုသူသည် သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပိတ်သိမ်းရန် စီစဉ်ထားသည့် အချိန်မတိုင်မီ (၁)နှစ်ထက် နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရမည်။

ဆ(၅) <u>ပိတ်သိမ်းပြီးနောက်ကာလတွင် စောင့်ကြပ်ကြည့်ရှုခြင်း</u>

ပိတ်သိမ်းပြီးနောက်ကာလများအတွက်သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၅ (ဃ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ သတ္တုတွင်းလုပ်ကွက်ဧရိယာကို သတ္တုတွင်းပိတ်သိမ်းပြီးနောက် တစ်ဆက်တည်း ၅ နှစ်အထိ စွန့်ပစ်မြေ၊ စွန့်ပစ်ရေအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးကိုစောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ကုစားဆောင်ရွက် ပေးခြင်း တို့ပြုရမည်။

ဆ(၆) <u>ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးနောက်အဆင့်များအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါ ဆောင်ရွက်မည့်လုပ်ငန်းများ</u>

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် တစ်ဖက်ဖော်ပြပါ လုပ်ငန်းများ ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

မိုင်းပိတ်သိမ်းခြင်း

စီမံကိန်းတွင်မြေအောက်တူးဖော်ရေးစနစ်ဖြင့် စိုက်ကျင်းခေါင်းစားများဖြင့် ဆောင်ရွက်ပြီး မိုင်းသက်တမ်းကုန်၍ မိုင်းပိတ်သိမ်းသောအခါ စိုက်ကျင်းများအား မြေသားပြန်လည်ဖို့၍ ပိတ်ဆို့ခြင်း၊ ခေါင်းစားတာနယ်များအား သံပန်းတံခါးအဖုံးများဖြင့် အခိုင်အမာ စနစ်တကျ ကာရံပိတ်ဆို့ခြင်းဆောင်ရွက်ရမည်။

အပေါ်ယံမြေလွှာစုပုံထားရှိမှု

ရွှေသတ္တုရိုင်းတူးဖော်ခြင်းမှ ထွက်ရှိလာသည့် အပေါ်ယံမြေဆီလွှာများအတွက် မြေစာ၊ ခဲစာများအား သတ်မှတ်ထားသော စွန့်ပစ်မြေစာပုံနေရာတွင် စနစ်တကျစုပုံထားရှိမည်ဖြစ်ကြောင်း၊ ထို့အပြင် တူးဖော်ထားပြီးသော လုပ်ကွက်ကျင်းဟောင်းများတွင် ပြန်လည်ဖို့မည်ဖြစ်ကြောင်း၊ မြေဖို့ပြီး လုပ်ငန်းများဆောင်ရွက်ပြီးသော မြေစာပုံများပေါ်တွင် အပေါ်ယံမြေဆီလွှာ၊ ပုံမှန်မြေဆီလွှာများအား ပြန်ဖုံးပြီးမြေပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရမည်။

အတားဆီးနံရံများထားရှိမှု

စွန့်ပစ်မြေစာပုံများ ပြိုကျဖြစ်ပွားခြင်းမရှိစေရန်အတွက် မြေစာပုံကမ်းပါးများအား လှေကားထစ်ပုံဖော်၍ ကျောက်ရိုးစီပေးသွားမည်ဖြစ်ပြီး မြေစာပုံကမ်းပါးတစ်လျှောက်တွင် အမြစ်ရှည်မြက်ပင်များစိုက်ပျိုးခြင်း၊ မြေစာပုံအောက်ခြေတွင် ရေနုတ်မြောင်းများ စနစ်တကျ ဖောက်လုပ်ပေးခြင်းများ ဆောင်ရွက်ရမည်။

တူးဖော်ပြီးကျင်းဟောင်းများတွင် မြေဆီလွှာပြန်လည်ဖုံးအုပ်မည့်အစီအစဉ်

တူးဖော်ပြီးလုပ်ငန်းများ ပြီးဆုံးချိန်တွင် ကျင်းဟောင်းများအတွင်းသို့ မြေစာပြန်ဖြည့်ခြင်း လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တူးဖော်ပြီးလုပ်ငန်းများဆောင်ရွက်စဉ်ကာလ၌ သီခြားစုပုံထားသော အပေါ်ယံမြေဆီလွှာများဖြင့်ပြန်လည်ဖုံးအုပ်၍ ဒေသနှင့်ကိုက်ညီမှုရှိသော နှစ်ရှည်ပင်များ စိုက်ပျိုးသွားရမည်။

စီမံကိန်းပိတ်သိမ်းပြီးနောက် ဆောင်ရွက်မည့် အစီအစဉ်

ဆက်စပ်ရေဝေယာချောင်းများ၊ ရေတွင်း၊ ရေကန်များ၊ ရေဦးရေထွက်ပေါက်များမှ ရေနမူနာများကောက်ယူ၍ စစ်ဆေး တိုင်းတာခြင်းလုပ်ငန်းများအား (၆)လတစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဆက်စပ် ရေဝေယာတွင် မြေဆီလွှာညစ်ညမ်းမှု ရှိ/မရှိ သိရှိနိုင်ရန် (၆)လ တစ်ကြိမ် စစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းခွင်နှင့် အုပ်ချုပ်မှုရေဝေယာအတွင်းရှိအဆောက်အဦများအား ဒေသခံ၏လိုအပ်ချက်အပေါ် မူတည်၍ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်းလုပ်ငန်းများအားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းပတ်ဝန်းကျင်နှင့် ဆက်စပ်ရေဝေယာအား မိုင်းပိတ်သိမ်းပြီးနောက်ပိုင်း နှစ်ပေါင်း (၁၀) ကြာ စောင့်ကြည့်ရမည်။